*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# သိန်းဖေမြင့်၏အညာပြန် (ခရီးသွားဆောင်းပါး) မှ စီစဉ်တင်ပြပုံ

တင်မိမိနိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် စာရေးသူ သိန်းဖေမြင့် မုံရွာခရိုင်၊ ဘုတလင်ဒေသသို့ မတူညီသည့် အချိန်ကာလများတွင် အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး ထိုခရီးတွင် တွေ့ကြုံခဲ့ရသောအတွေ့အကြုံများ၊ခေတ်နောက်ခံပုံရိပ်တို့၏ ရောင်ပြန်ဟပ်မှုများ၊ မတူညီမှုတို့ကို စာရေးဆရာ၊ နိုင်ငံရေးသမား၊ သတင်းစာဆရာပီပီ ဖော်ပြထားသည်ကို သိစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ အညာပြန်ခရီးသွားဆောင်းပါးများကို ထိုခေတ် စကားပြေနယ်ပယ်အဖြစ် သတ်မှတ်ပြီး ခရီးသွားစာပေအတတ်ပညာဖြင့် ချိန်ထိုးလေ့လာသွားမည် ဖြစ်ပါသည်။ ထိုသို့လေ့လာခြင်းဖြင့် သိန်းဖေမြင့်၏ ခရီးသွားဆောင်းပါးများတွင် သုတ၊ ရသများ ပါဝင်ပေါင်းစပ် နေရုံမျှမက ခရီးသွားဆောင်းပါး၏ အနှစ်အသားဖြစ်သော ခေတ်၏နောက်ခံပုံရိပ်များ ပါဝင်နေကြောင်း သိရှိနိုင်ပါသည်။

**သော့ချက်ဝေါဟာရ** – သိန်းဖေမြင့်၊ ခရီးသွားစာပေ၊ အညာဓလေ့

## နိဒါန်း

ခရီးသွားစာပေတွင် ရောက်ရှိရာဒေသ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဓလေ့ ထုံးစံများနှင့်သဘာဝပတ်ဝန်းကျင်အဖွဲ့များပါဝင်နေတတ်ပါသည်။ ထို့အပြင် ခရီးစဉ်တစ် လျှောက်အတွေ့အကြုံများကို မှန်မှန်ကန်ကန်တင်ပြပြီး ဒေသခံလူထု၏ လက်တွေ့ဘဝကိုလည်း မှတ်တမ်းတင်ထား တတ်ကြပါသည်။ ထိုခရီးသွားစာပေတို့မှ ဆက်စပ်ပေးထားသော လူနှင့်လူ့ပတ်ဝန်းကျင် အကြောင်းအရာများ၊ စူးစမ်းလေ့လာချက်များ ခံစားတင်ပြချက်များကို ရသမြောက်အောင် တင်ပြထားနိုင်လျှင် စူးရှသော ခရီးသွားစာပေဟု ဆိုနိုင်ပါသည်။ ခရီးသွားစာပေကို ဆောင်းပါး၊ ဝတ္ထု၊ ကဗျာပုံစံအမျိုးမျိုးဖြင့် ရေးသားတတ်ကြပါသည်။ သိန်းဖေမြင့်သည် "အညာပြန်ခရီးသွားစာပေ" သည် ဆောင်းပါးပုံစံဖြင့်ရေးသားထားပါသည်။ စာရေးသူသည် (၁၉၅၅) ခုနှစ်တွင် ဖခင် နေမကောင်း၍ ဇာတိမြေအညာသို့ သွားရောက် ခဲ့ပုံကို "ဘုတလင်အပြန်" (၁၉၆၄) ခုနှစ်တွင် တရားဟော စည်းရုံးရန် သွားရောက်ခဲ့ပုံကို "အရှုံးထဲကအပြုံး"၊ (၁၉၇၀)ခုနှစ်တွင် အနာဂတ်မျှော်မှန်းချက်အတွက် ပြန်ခဲ့ပုံကို "သည်တစ် ခေါက်အညာပြန်"၊ (၁၉၆၆)ခုနှစ်တွင် မီးရထားဖြင့်ဘုတလင်သို့ပြန်ခဲ့ပုံကို "ဘုတလင်ဘူတာနှင့်တမာပင်"၊ (၁၉၇၄) ခုနှစ်တွင် စာရေးသူအသက် (၆၀)ပြည့်

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ကျိုင်းတုံတက္ကသိုလ်

မွေးနေ့ကျင်းပရန် ပြန်ခဲ့သည်ကို "ဘုတလင်ပြန်" စသည့် ဆောင်းပါးများ ရေးသားခဲ့ပါသည်။ နေရာဒေသတစ်ခုတည်းကို စာရေးသူတစ်ဦးတည်းက အကြိမ်ကြိမ်သွားရောက်ခဲ့သော်လည်း အချိန်ကာလ မတူညီသည့်အတွက် ခေတ်၏ နောက်ခံပုံရိပ် မတူညီမှု များကို တွေ့မြင်ရပါသည်။

## ၁။ သိန်းဖေမြင့်၏အတ္ထုပ္ပတ္တိအကျဉ်း

စာရေးသူကို ဖခင် မြေတိုင်းစာရေး ဦးဘ၊ အမိ ဒေါ်မြင့်တို့မှ ၁၉၁၄ခုနှစ်၊ ဇူလိုင်လ(၁၀)ရက် သောကြာနေ့တွင် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့တွင် မွေးဖွားခဲ့ပါသည်။ ဘုတလင်ကျောင်းတွင် မောင်မြမောင်ဟုအမည်တွင်ပြီး အင်္ဂလိပ်မြန်မာကျောင်းတွင် သိန်းဖေမြင့်ဟု အမည်တွင်ပါသည်။ ၁၉၃၂ခုနှစ်တွင် မုံရွာ ဗုဒ္ဓဘာသာကျောင်းတွင် အထက်တန်းပညာသင်ယူခဲ့ပြီး ဒသမတန်းကို မြန်မာစာ၊ သင်္ချာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။ (၁၉၃၂–၃၃)ခုနှစ်တွင် မန္တလေးဥပစာကောလိပ် (၁၉၃၃–၃၅)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားပြီး ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။ (၁၉၃၈)ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်၌ ဥပဒေပညာနှင့် မဟာဝိဇ္ဇာပါဠိပညာကို ဆည်းပူးခဲ့ပါသည်။ ၁၉၄၆ခုနှစ်တွင် ဒေါ်ခင်ကြည်ကြည် နှင့်လက်ထပ်ခဲ့သည်။ (၁၉၃၃–၃၄)ခုနှစ်တွင် တက္ကသိုလ်နေ့ ကျောင်းသားများ ကိုယ်စားလှယ်၊ (၁၉၃၃–၃၅) ခုနှစ်တွင် တို့ဗမာအစည်းအရုံး တွဲဖက်အတွင်းရေးမှူး၊ ၁၉၃၇ခုနှစ်တွင် နဂါးနီ စာအုပ်အသင်းပညာရေးအဖွဲ့ငယ်အမှုဆောင်၊ (၁၉၄၁–၄၂) ခုနှစ်တွင် ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများ၏ စည်းရုံးရေးမှူး၊ (၁၉၄၆) ခုနှစ်တွင် ဖဆပလအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး၊ (၁၉၄၆ခုနှစ်တွင် ဗိုလ်ချုပ်ခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် ခေတ္တတာဝန်၊ ၁၉၅၂ တွင် ပြည်သူ့ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး (၁၉၅၆) ခုနှစ်တွင် ဘုတလင်မဲဆန္ဒနယ်၏ ပြည်သူညီညွတ်ရေးအမျိုးသားတပ်ပေါင်းစု (ပမညတ) အမတ် (၁၉၅၆ မှ ၁၉၆၀) ခုနှစ်ထိ၊ (၁၉၅၆–၆၃)ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ (၁၉၅၈) ခုနှစ်တွင် ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်နှင့် အုပ်ချုပ်မှုဒါရိုက်တာ၊ ၁၉၃၆၊ ၄၂၊ ၅၂၊ ၅၆၊ ၁၉၉၂) ခုနှစ်များတွင် စာရေးဆရာ၊ နိုင်ငံရေးသမား၊ သတင်းစာဆရာအဖြစ် အိန္ဒိယ၊ တရုတ် နိုင်ငံများသို့ သွားရောက်ခဲ့ရသည်။ ၁၉၃၃ခုနှစ် သူရိယသတင်းစာတွင် ပါဝင်ခဲ့သော မန္တလေး အင်တာမီဒီယိတ်ခေါ်ဥပစာကျောင်းတွင် "အပိုမြန်မာစာသင်ပြပို့ချသင့်ခြင်း" ဆောင်းပါးရေးသားခဲ့သည်။ ထိုဆောင်းပါးမှာ ပထမဆုံး ပုံနှိပ်စာမူဖြစ်သည်။ (ဝတ္ထုတို၊ ရှည်၊ ဆောင်းပါး ခရီးသွားစာပေ၊ အတ္ထုပ္ပတ္တိစာပေ၊ နိုင်ငံရေးစာပေမျိုးစုံ ရေးသားခဲ့ပါသည်။) (၁၉၅၆)တွင် "အရှေ့ကနေဝန်းထွက်သည့်ပမာ" စာပေဗိမာန်ဝတ္ထုရှည်ဆု၊

(၁၉၅၈)တွင် "ဝိသေသတိုင်းသမိုင်းအစ" စာအုပ်ဖြင့် အမျိုးသားစာပေ စာပဒေသာ ပထမဆု၊ ၁၉၆၈ ခုနှစ်တွင် "သီတာပြုံး" စာအုပ်ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည် စတုတ္ထဆုကို ရရှိခဲ့ပါသည်။ စာရေးသူသည် ဝနေ–ငဖေ ဘုတလင်၊ သိန်းနေနွယ်၊ တက္ကသိုလ် အကျော့၊ တစ်ကောင်ကြွက်၊ ဦးကျောက်လုံး၊ သိန်းဖေ၊ တက်ဘုန်းကြီး၊ မောင်တူ၊ သိန်းဖေမြင့် ကလောင်အမည်များဖြင့် ရေးသားခဲ့ပါသည်။ ၁၉၄၆ခုနှစ် "လမ်းစပေါ်ပြီ" ဝတ္ထုမှစ၍ မိခင်အမည်နှင့်တွဲဖက်၍ သိန်းဖေမြင့်အမည်ကို ပြောင်းလဲ သုံးစွဲခဲ့ပါသည်။ စာရေးသူသည် စစ်ကြိုခေတ်တွင် ပထမဦးဆုံး ခင်မျိုးချစ်ဝတ္ထုတို ဖြင့်စာပေလောကကို စတင်အခြေချခဲ့ပြီး စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ် တစ် လျှောက်လုံး စာရေးဆရာ၊ သတင်းစာဆရာ၊ အယ်ဒီတာဘဝများတွင် စဉ်ဆက်မပြတ် စာပေလက်ရာများ ရေးသားခဲ့၍ စာပေဟောပြောပွဲများ၊ ရုပ်ရှင်ဇာတ်ညွှန်း ရေးသား ခြင်းများကို ဆောင်ရွက်ခဲ့ပါ သည်။

၁၉၇၈ ခုနှစ် ဇန်နဝါရီလ (၂၈)ရက်နေ့တွင် ကွယ်လွန်ပြီး ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ကြည်ကြည်နှင့် သားသမီး (၄)ဦးကျန်ရစ်ခဲ့ပါသည်။

## ၂။ သိန်းဖေမြင့်၏အညာပြန် (ခရီးသွားဆောင်းပါးများ) စီစဉ်တင်ပြပုံ

စာရေးသူသည် စာရေးဆရာ၊ နိုင်ငံရေးသမား၊ သတင်းစာဆရာတစ်ဦး ဖြစ်သည့် အလျောက် စာရေးရာတွင်ဖြစ်စေ၊ ဟောပြောရာတွင်ဖြစ်စေ အစီအစဉ်ကျနအောင် ပြုပြင် ရေးသားပြောဆို လေ့ရှိသည်ဟုဆိုပါသည်။ ထို့အပြင် စာရေးသားရာ၌ အကြောင်းအရာ၊ အတွေးစိတ်ကူး၊ စကားလုံး၊ ဝါကျ၊ စာပိုဒ်တို့ကို တစ်ခုပြီးတစ်ခု စီကာစဉ်ကာရေးသားခြင်း၊ စဉ်ဆက်စီးဆင်း ခြင်း (Flow)မျိုး ရေးသားသင့်ကြောင်း ကိုလည်း လမ်းညွှန်ခဲ့ပါသည်။

အညာပြန်ခရီးသွား ဆောင်းပါးများတွင် စာရေးသူ လမ်းညွှန်ထားသကဲ့သို့ ကိုယ်တိုင်လည်း စဉ်ဆက်စီးဆင်းခြင်းဖြင့် ရေးသားထားသည်ကို တွေ့ရပါသည်။ ဆောင်းပါးတွင် ခရီးသွားလာသည့် အကြောင်းရင်း၊ သွားလာသည့်ချိန်၊ ခရီးသွားလာ ပုံ၊ တွေ့မြင်ရသော ရှုခင်းမြင်ကွင်း၊ တွေ့ဆုံရသည့် ပုဂ္ဂိုလ်များတို့နှင့်အတူ စာရေးသူ ၏ ခံစားချက်၊ သုံးသပ်ချက်၊ ထင်မြင်ချက်၊ နှိုင်းယှဉ်ချက်တို့ကို အချိတ်အဆက်မိမိ စီစဉ်ထားသည်ကို တွေ့ရပါသည်။

### ၂.၁။ အညာဒေသရှုခင်းမြင်ကွင်း

ခရီးသွားစာပေတွင် ရောက်ရှိရာအရပ်ဒေသ၏ သဘာဝ ရှုခင်းများမြင်ကွင်း များကို ထည့်သွင်း ရေးသားတတ်ကြပါသည်။ ထိုသို့ရေးသားခြင်းသည် ခရီးသွား

စာပေ၏ သန္ဓေပါလက္ခဏာတစ် ရပ်ဟုဆိုနိုင်ပါသည်။ သိန်းဖေမြင့်၏ အညာပြန် ခရီးသွားဆောင်းပါးများတွင်လည်း သဘာဝ ရှုခင်းမြင်ကွင်းများကို ထည့်သွင်း ရေးသားထားပါသည်။

စာရေးသူသည် ရန်ကုန်မှအညာဒေသ ဘုတလင်သို့ လေယာဉ်ဖြင့်သွားရောက် ခဲ့ရာ လေယာဉ်ကွင်းရှိရာ ခဝဲခြံမှဘုတလင်သို့ ကားဖြင့်ခရီးဆက်ခဲ့ရပါသည်။ ထိုသို့ ခရီးဆက်စဉ်မြင်တွေ့ရသော သဘာဝရှုခင်းများကို **"အညာပြန်ဆောင်းပါး"**တွင်

> "ခဝဲခြံလေယာဉ်ကွင်းမှထွက်၍ ပေတစ်ရာလမ်းမကြီးပေါ်သို့ တက်လာသောအခါ တမာပွင့်နံ့သင်းသင်းလေးကို ရှုရှိုက်လိုက်ရလေသည်။ ထိုအချိန်မှစ၍ မုံရွာဘုတလင်မှ ပြန်သည်အထိ တမာပွင့်နံ့သင်းသင်းလေးသည် နှာခေါင်းထဲမှ မထွက်တော့ချေ။ နေရာတကာ တမာပင်တွေ ရှိနေသည်။ တမာရွက်နုများက စိမ်းဖန့်ဖန့်နှင့် စည်ကားလှသည်။ တမာပွင့်နံ့ သင်းသင်းကလေးကို ငယ်စဉ်တောင် ကျေးကလေးဘဝတုန်းက ခုလိုအချိန် မှာ တမာပင်ပေါ်တက်၊ တမာကိုင်းတွေကိုချိုး၊ သင်္ကြန်အတာအိုးတွင် ထိုးကြသည်ကို သတိရနေလေသည် "[၁]

ဟု ရေးသားထားပါသည်။ စိမ်းစိုစို တမာပင်များ အစီအရီ ပေါက်ရောက်နေသော အညာဒေသသို့ ရောက်ရှိချိန်မှစ၍ တမာပွင့်ရနံ့များ သင်းပျံ့နေသော ကြည်နူးဖွယ် အညာ ဒေသရှုခင်းကို သရုပ်ဖော်ထားပါသည်။ ထို့အပြင် တမာပန်းနှင့်ပတ်သက်၍ စာရေးသူ ငယ်စဉ်ကပြုမူခဲ့သော အပြုအမူများကို "တက်"၊ "ချိုး"၊ "ထိုး" ဟူသော အမူအရာပြ ကြိယာများနှင့် ဖော်ပြထားသောကြောင့် စာဟန် သွက်လက်လာ စေပါသည်။ သိလွယ် နားလည်လွယ်သော စကားသုံးများဖြင့် စည်းရုံးကာ ချောမောပြေပြစ် ကျစ်လစ်သော ဝါကျများဖြစ်အောင် တည်ဆောက်ထား သောအညာဒေသရှုခင်းနှင့် စာရေးသူ၏ ခံစားချက်ကိုပါ ထင်းကနဲမြင်သွားအောင်ပံ့ပိုးနေသည်ဟု ဆိုနိုင်ပါသည်။

ဘုတလင်မြို့တွင်ရှိသော ရန်အောင်မြင် စေတီတော်မြင်ကွင်းကို "အညာပြန် ဆောင်းပါး"တွင်–

> "ရန်အောင်မြင်ဘုရားကြီး။ ငယ်ငယ်ကဘုရားကြီးကို မော့မော့ဖူးရစဉ် ကမ္ဘာမှာ အကြီးဆုံးစေတီကြီးဟု ထင်ခဲ့သည်။ ထီးတော်မှာ မိုးထိနေသည်ဟု အောက်မေ့ခဲ့သည်။ သင်္ကြန်ကျသောအခါ သိကြားမင်းကြီးသည် ရန်အောင်မြင်ဘုရားသို့ အဖူးရောက်သည်ဟု ယုံကြည်ခဲ့လေသည်။ ခုတော့ လူကလည်းကြီးပြီ၊ မျက်စိ

---

[၁] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၆ ။

ကလည်းကြီးပြီ၊ နေ့စဉ်လိုလို ရွှေတိဂုံစေတီကိုလည်း မြင်နေရသည်။ ကျွန်တော်စိတ်ထဲမှာ ရန်အောင်မြင်စေတီသည် သေးငယ်နေပေပြီ။ သိကြားမင်း ရန်အောင်မြင်ဘုရားသို့ အဖူးရောက်လာသည်ဟု ယုံကြည်ခဲ့သော ကိုယ့်ကလေးဘဝကို ပြုံးနေမိသည်”[၁]

ဟု ဘုတလင်ဒေသတွင်တည်ရှိသော ရန်အောင်မြင်ဘုရားရှုခင်းနှင့် ဘုရားသမိုင်းကြောင်းကို ဖော်ပြထားပါသည်။ ထို့အပြင် ရန်အောင်မြင်ဘုရားနှင့် ရွှေတိဂုံဘုရားကို နှိုင်းယှဉ်ပြအဖွဲ့ဖြင့်ဖော်ပြရင်း စာရေးသူငယ်ဘဝက သိရှိယုံကြည်ခဲ့သော အဖြစ်အပျက်ကိုပါ တင်ပြထားသဖြင့် စာဖတ်သူအတွက် နှစ်သက်ဖွယ် ဖြစ်ပေါ်စေပါသည်။

စာရေးသူသည် မဲရရှိရန်အတွက် မိမိဇာတိမြေသို့ စည်းရုံးရေးတရားဟောသွားရောက်ခဲ့ပါသည်။ ထိုသို့ တစ်ရွာဝင်တစ်ရွာထွက် သွားရောက်ခဲ့ရင်း အညာဒေသရှုခင်းမြင်ကွင်းတို့ကို **“အရှုံးထဲကအပြုံး”** ဆောင်းပါးတွင်–

“ထန်းပင်များအောက်၊ ဆီးပင်များဘေး၊ ဝါးပင်၊ ပဲစင်းငုံပင်နှင့် နှမ်းပင် ရိုးပြတ်များကြား ချီတက်လာကြသည်။ သဲပြင်ချောင်းများတွင် ရန်းကြရသည်။ ဆူးလေတောနှင့်ကျောက်စရစ်ကုန်းများကို ကျော်ရသည်။ လျှိုကြား ချုံကြား တိုးကြရသည်”[၂]

ဟုအညာဒေသတွင် တွေ့မြင်ရသော လမ်းခရီးရှုခင်းမြင်ကွင်းများကို ရေးသားထားပါသည်။ ထိုသို့ဖော်ပြရာတွင် သွားလာနေရသော လမ်းခရီးအခြေအနေကို “ချီ”၊ “ရုန်း”၊ “ကျော်”၊ “တိုး”၊ ဟူသော အမူအရာပြကြိယာများ အသုံးပြု ရေးသားထားသဖြင့် အညာဒေသမြင်ကွင်းရှုခင်းများကိုသာမက စာရေးသူနှင့်အတူ ခရီးနှင်နေရသကဲ့သို့ ခံစားလာစေပါသည်။

စာရေးသူသည် ပြည်သူ့ဘဝလက်တွေ့လေ့လာရန် အညာဒေသသို့သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ရင်း လမ်းခရီး၌တွေ့မြင်ခဲ့ရသော အညာပျော်ငှက်မျိုးစုံတို့ကို **“ဘုတလင်ကို ဤသို့တွေ့ရသည်”** ဆောင်းပါးတွင်–

“ငှက်မျိုးစုံ သီချင်းဆိုသံကိုကြားရ၏။ ချိုးကူသံကို ဘယ်တုန်းကမှ မမေ့ခဲ့ဖူးပါ။ နောင်လည်းမေ့မည်မထင်။ ခါတွန်သည်ကို မေ့တေ့တေ့ဖြစ်နေခဲ့ရာ ခုတော့မှသတိရပေတော့သည်။ အလွန်သာယာသော ငှက်သံတစ်မျိုးကို ကြားရာ ဘာသံလဲဟုမေးယူရ

[၁] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၂၇ ။
[၂] သိန်းဖေမြင့် ၊ ၁၉၆၄ ၊ ၁၀၅။

> သည်။ လင်းမြီးဆွဲလေချွန်သံဟု သိရသည်။ သပိတ်လွယ်ငှက်လေးတွေ မြည်သံနှင့် စာကလေးတွေမြည်သံ ဘယ်လို ခြားနားပါလိမ့်ဟုသိချင်သဖြင့် အတော်ပင်နားကို ကျက်ယူရသည်"[၁]

ဟု ကျေးငှက်ပေါင်းစုံတို့၏ အသံနှင့်သာယာနေသော ကြည်နူးဖွယ်အညာဒေသမြင်ကွင်းကို မြင်ယောင်ကြားယောင်လာအောင် သရုပ်ဖော်ထားပါသည်။ အညာဒေသတွင် ပျော်ပါးကျက်စားလေ့ရှိသော ကျေးငှက်တို့၏ သဘာဝကိုသာမက သာယာသော ကျေးငှက်တို့၏အသံတွင် စီးမျောနေသော စာရေးသူ၏ခံစားချက်ပါ ပေါ်လွင်လာပါသည်။

ဘုတလင်မြို့တွင်တည်ရှိသော ဘူတာရုံသည် ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည်။ ထိုပျက်စီးသွားသည့်ဘူတာရုံမြင်ကွင်းကို တွေ့မြင်ရသော စာရေးသူအနေဖြင့် သွေးရင်းသားရင်းတစ်ဦး ပျက်စီးဆုံးရှုံးသွားသကဲ့သို့ ခံစားခဲ့ရသည်။ စာရေးသူကို ဘူတာရုံနှင့်ပတ်သက်၍ ကဗျာစပ်ဆိုရန် ဘုတလင်သားကဗျာဆရာ ဘုတလင်ချစ်လေးကို တိုက်တွန်းခဲ့ဖူးသည်။ စာရေးသူရေးသားခဲ့သောဝတ္ထုတစ်ပုဒ်မှ ဘုတလင်ဘူတာရုံအဖွဲ့ကိုနှစ်သက်၍ လူ့ရွှင်တော်ကိုသန်းနွဲ့က နောက်ထပ်ရေးသားရန်တိုက်တွန်းခဲ့သည်။ ဘုတလင်ဘူတာလေးသည် စာရေးသူအတွက် တန်ဖိုးထားမြတ်နိုးရသော ညီအရင်းဖြစ်သကဲ့သို့ ဘုတလင်ဒေသအတွက် အရေးပါအရာရောက်ခဲ့ပုံကို "အညာပြန်ဆောင်းပါး"တွင်–

> "မြေပဲ၊ ပဲဖြူကလေးတို့နှင့်အတူ ကြီးပွား စည်ကားခဲ့သော ဘုတလင်ဘူတာကလေး၊ နွားတောင် စားမကုန်သော ဆီးသီးကိုပင် တန်ဖိုးရှိအောင် လုပ်ပေးခဲ့သော ဘူတာကလေး။ ရန်ကုန်နှင့် ဘုတလင်ကို ခဏချင်း ကြေးနန်း ဆက်ပေးနိုင်သော ဘူတာကလေး။ ထိုဘူတာကလေးကား စစ်ကြီးအတွင်းမှာ ငုံးတိတိဖြစ်အောင် ပျက်စီးပြိုလဲခဲ့သည်။ စစ်ပြီးတော့ ပြန်မထူထောင်နိုင်။ ပြည်တွင်းစစ်ကျပြန်တော့လည်း ပြန်လည် ထူထောင်ရေး ပိုဝေးခဲ့လေ သည်"[၂]

ဟုပျက်စီးသွားသော ဘူတာရုံမြင်ကွင်းနှင့် စာရေးသူ၏ ခံစားချက်ကို ဖော်ပြထားပါသည်။ "ဘူတာရုံကလေး" ဟူသောအသုံးကို ထပ်ကာထပ်ကာ အသုံးပြုပြီး ဝါကျချင်းဟန်ချက်ညီအောင် ရေးသားထားသဖြင့် ဘူတာရုံကလေး၏ဂုဏ်ရည်ကို စာဖတ်သူ

---

[၁] ယင်း ၊ ၁၂၅။

[၂] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၄၉ ။

သတိထားလာမိစေပြီး စာရေးသူ၏ခံစားချက်များလည်း ထင်ရှားလာပါသည်။ ထို့အပြင် ဘူတာရုံလေး ပြန်လည်မတည်ဆောက်နိုင်သည့်အတွက် စိတ်ပျက်အားလျော့နေသည့်လေသံလည်း ထင်ရှားနေပါသည်။

ခရီးသွားစာပေသည် သုတမုတစာ၊ အကြားအမြင်စာဖြစ်သည့် အလျောက် ရေးသားသည့် အကြောင်းအရာသည် သုတမုတ ပါဝင်တတ်ပါသည်။ ခရီးသွားစာပေကောင်းတွင် စာဖတ်သူ အတွက် ရောက်ရှိရာဒေသမှ သုတကိုပေးစွမ်းနိုင်ရမည်။ စာရေးသူသည် "အညာပြန်ဆောင်းပါး" တွင်–

> "ကျွန်တော်တို့ဒေသတစ်ဝိုက်မှ မြန်မာပညာရှိ စာရေးဆရာများ ထွက်ခဲ့သည်။ မောင်းထောင်ဆရာတော်၊ ညောင်ကန်ဆရာတော်နှင့် လယ်တီဆရာတော်တို့ ပေါ်ထွန်းခဲ့သည်။ တွင်းသင်တိုက်ဝန် ဦးမြနှင့် သံချို ဦးကျော်လှတို့မှာ မောင်းထောင်သားများ ဖြစ်ပြီး ကျွန်တော်တို့ရဲ့ ဘိုးဘေးများ ဖြစ်သည်။ သခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ကလည်း ဤဒေသ ဘိုးဘွားတို့မှ ပေါက်ဖွားခဲ့ကြသည်။ ကျွန်တော်တို့မှာ ထိုပညာရှိကြီးများ၏အရိပ်အာဝါသမှ ကြီးပြင်းကြရသည်။ သူတို့အား အားကျရသည်။ နမူနာ တင်ကြရသည်"[၁]

ဟု ရေးသားထားပါသည်။ ထိုစာပိုဒ်တွင် ကျွန်တော်တို့ဒေသတစ်ဝိုက်မှ "ကျွန်တော်တို့....", "ကျွန်တော်တို့ မှာ...." ဟု "ကျွန်တော်" ဟူသော နာမ်စားကိုအသုံးပြုပြီး စာရေးသူကိုယ်တိုင် ဝင်ရောက်ပြောထားသဖြင့် စာဖတ်သူနှင့် တရင်းတနှီး ဖြစ်လာစေပါသည်။ မိမိဇာတိမြေနှင့်ပတ်သက်၍ ဂုဏ်ယူကျေနပ်နေသောလေသံ ပေါ်လွင်နေပါသည်။

အညာဒေသ ရွှေဘိုမြို့အထွက်တွင် မဟာနန္ဒာကန်ရှိပါသည်။ ထိုကန်သည် အလောင်းဘုရားမတိုင်မီမင်းများလက်ထက်ကတူးဖော်ခဲ့ပြီး မူးမြစ်သဖန်းဆိပ်မှ ရွှေဘိုသို့တူးမြောင်းဖောက်ခဲ့သည်။ ထိုကန်ရေသည် ဘုတလင်ဒေသ စိုက်ပျိုးရေးအတွက် အားထားခဲ့ရသည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် ကာဘိုးသို့ရွှေ့ကာ ရေလွှဲခဲ့ကြသည်။ ထို့ကြောင့် မဟာနန္ဒာကန်တိမ်ကောနေပုံကို စာရေးသူတွေ့မြင်ခဲ့ရပြီး မဟာနန္ဒာကန်၏မြင်ကွင်းနှင့် ပတ်သက်၍ "သည်တစ် ခါအညာပြန်ဆောင်းပါး" တွင်

---

[၁] သိန်းဖေမြင့် ၊ ၁၉၆၄ ၊ ၆၇ ။

"ယခုမဟာနန္ဒာကန်တော်ကြီးမှာ များစွာကောနေပြီ။ ဟိုတစ်ကွက် သည်တစ်ကွက် ရေအနည်းငယ်သာ တွေ့ရ၏။ ကန်တွင်းနေရာ အနှံ့အပြားတွင် သီးနှံစိုက်ခင်းများ ရောက်နေ၏။ အချို့နေရာ များတွင် သစ်ပင်ကြီးများပင် ပေါက်နေ၏။ မဟာနန္ဒာကန်ကြီး တွင် အမည်နှင့်လိုက်ဖက်အောင် ခံ့ညားစွာ ကျန်ရစ်သည်ကား ကန်ပေါင်ရိုးကြီးသာ ဖြစ်သည်"[၁]

ဟု စာရေးသူလက်ရှိတွေ့မြင်နေရသော မဟာနန္ဒာကန်၏ အခြေအနေကို သရုပ်ဖော် ထားပါသည်။ သမိုင်းတန်ဖိုးကြီးမားခဲ့သော မဟာနန္ဒာကန်ကြီးကို ပစ်ပယ်ထားခြင်း နှင့် ပတ်သက်၍ တင်ပြထားသည်မှာ သရော်သည့်လေသံ ပေါ်လွင်ထင်ရှားနေသည် ကို တွေ့ရှိရပါသည်။

## ၂.၂။ အညာဒေသဓလေ့စရိုက်

ခရီးသွားစာပေတွင် ရောက်ရှိရာအရပ်ဒေသမှ လူတို့၏အယူဝါဒ၊ အစား အသောက်၊ အလုပ်အကိုင်၊ ဓလေ့ထုံးစံတို့ကို ဖော်ပြတတ်ပါသည်။ ထိုအဖွဲ့များ ပါဝင်ခြင်းဖြင့် ခရီးသွားစာပေသည် စိုစိုပြေပြေနှင့်အသက်ဝင်လာပြီး ဖတ်ချင်စဖွယ် ဖြစ်ပေါ်လာစေပါသည်။ ခရီးသွားရင်းပြည်သူ့ ဘဝ၊ လူထုဘဝကို ဘက်စုံလှေလာ တင်ပြထားသဖြင့် စာဖတ်သူအာရုံကို လွယ်လွယ်ကူကူ လိုက်ပါစေပါသည်။ စာရေးသူ ကိုယ်တိုင် အညာဒေသတွင်စားသောက်ခဲ့ရသော ထမင်းဝိုင်းကို "အညာပြန်ဆောင်း ပါး" တွင်–

"ခရမ်းသီးခြောက်၊ ငရုတ်သီးချက်၊ ပဲကျားပြုတ်ကြော်၊ မန်ကျည်း ရွက်သုပ် မြိန်လိုက်သည့်ဖြစ်ခြင်း၊ ကြက်သားဟင်းကိုပင် မတို့မိ။ မြူစွမ်ဟင်းချိုကို ရင်ချောင်ကျသွားရုံသာ သောက်ချလေသည်"[၂]

ဟု အချို၊ အချဉ်၊ အငန်၊ အစပ်တို့ဖြင့် ဖွယ်ဖွယ်ရာရာရှိလှသော အညာထမင်းဝိုင်းတွင် မြိန် မြိန်ယှက်ယှက် စားသောက်နေသောပုံကို မြင်ယောင်လာစေပါသည်။ စာဖတ်သူ များပင် အညာထမင်းဟင်းများ ဝင်ရောက်စားသောက်ချင်စိတ်များ ဖြစ်ပေါ်လာအောင် ဆွဲဆောင်ရေးသားထား သည်ကိုတွေ့ရပါသည်။

ဘုတလင်ဒေသတွင် နေထိုင်ကြသူတို့သည် အိမ်အသုံးအဆောင်၊ လူအသုံး အဆောင်အဖြစ် သံဖြူနှင့်ပြုလုပ်သောပစ္စည်းများကိုသာ သုံးစွဲကြရသည်။ မိမိတို့ဒေသ

---

[၁] သိန်းဖေမြင့် ၊ ၁၉၇၀ ၊ ၁၇၁ ။

[၂] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၂၁ ။

တွင် သံဖြူထည်ပြုလုပ်တတ်သူများက ဒေသတွင်းသုံးနိုင်ရန် အသုံးအဆောင်များကို ပြုလုပ် ရောင်းချကြပုံကို "အညာပြန် ဆောင်းပါး" တွင်–

> "သံဖြူမီးခွက်၊ သံဖြူရေဖလား၊ သံဖြူအုပ်ဆောင်း စသည်များကို လုပ် ရောင်းလေ့ရှိသည်။ ယခုလို သကြံန်ချိန် နီးပြီဆိုလျှင် ပွတ်များလုပ်လေ့ ရှိ၏"[၁]

ဟု အညာဒေသသုံး သံဖြူပစ္စည်းများကိုဖော်ပြထားပါသည်။ "သံဖြူ" ဟူသောစကားကိုထပ်ကာထပ်ကာ ရေးသားထားသဖြင့် အသံချိုသာပြေပြစ်နေသကဲ့သို့ အညာဒေသ အသုံးအဆောင်များကိုလည်း သတိပြုမှတ်မိလာစေပါသည်။ ထို့အပြင် အညာဒေသ၌ လက်မှုလုပ်ငန်းကိုသာ အားထားနေရပြီး စက်မှုလုပ်ငန်း မထွန်းကားသည့်အတွက် အားမလိုအားမရဖြစ်နေသော လေသံကို တွေ့ရပါသည်။ အညာဒေသတွင် နေထိုင်ကြသောပြည်သူလူထုတို့သည် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ပင်ပင်ပန်းပန်း ရုန်းကန်နေကြရပါသည်။ ရာသီအလိုက် လုပ်ငန်းများကို ကလေးလူကြီးမကျန်လုပ်ဆောင်ပြီး ဝမ်းရေးကို ဖြေရှင်းနေကြရပါသည်။ ဘုတလင်ဒေသတွင် မြေပဲပေါ်ချိန်တွင် မြေပဲကောက်ကြပုံကို "ဘုတလင်ကိုဤသို့တွေ့ခဲ့ရ၏" ဆောင်းပါးတွင်–

> "အချို့ ၁၀နှစ်မျှ မပြည့်သေးသော မိန်းကလေးများဖြစ်ပြီး တစ်နေ့လုံး လူကြီးများလိုပင် တကုန်းကုန်း မြေပဲကောက်ကြ၏။ အချို့သားသည် အမေများ နို့စို့ကလေးတွဲလောင်းဖြင့် လုပ်ကြရသည်။ မြေကြီးပေါ် ဖင်ချထိုင်ပြီး ကလေးကို ပေါင်နှစ်လုံးကြား ထည့်လျက်ပင် တရွတ်ဆွဲ မြေပဲကောက်သောမိခင်၊ ကလေးနို့တိုက်ရင်း မြေပဲဆွတ်နေသောမိခင်၊ လှည်းဝင်ရိုး ပုခက်စွဲကာ ကလေးသိပ်ထားပြီး မြေကြီးကိုယက်ကာ မြေပဲတောင့် ရှာနေသော သွေးနုသားနုမိခင်..."[၂]

ဟု အညာဒေသတွင် အသက်အရွယ်အစုံစုံတို့ မြေပဲကောက်နေကြပုံကို မြင်ယောင်လာအောင် ရေးသားထားပါသည်။ ကျေးလက်နေ ဆင်းရဲသား တောင်သူလယ်သမားများ ဝမ်းရေးအတွက် အငြိမ်းအအေးမနေနိုင်ကြပဲ ရုန်းကန်နေကြပုံကို စာနာသနားပြီး ကရုဏာသက်လာစေပါသည်။

---

[၁] ယင်း ၊ ၄၄ ။

[၂] သိန်းဖေမြင့် ၊ ၁၉၆၃ ၊ ၁၃၀။

စာရေးသူသည် ပြည်သူလူထုဘဝခံယူရေးအတွက် ဘုတလင်သို့ သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ရင်း အညာဒေသရှိ ပြည်သူများနေထိုင်ရန် ဆောက်လုပ်ထားသောအိမ်နှင့်ပတ်သက်၍ "အရှုံးထဲကအပြုံး" ဆောင်းပါးတွင်–

> "ထင်းတုံးကိုတိုင်ထူ၊ သစ်ကိုင်းအခြင်ပစ်၊ အရွက်ကောင်းသော သစ်ခက် များ အမိုးအကာလုပ်ထားသောတဲများမှာ လေမပြောနှင့် ဆီးနှင်းပင် မလုံ လှချေ။ ကြာတော့ အရွက်တွေခြောက်လေသော် အမိုးအကာကျဲသဖြင့် မြေပဲပင် နှမ်းပင်ရိုးများ ထပ်အုပ်ကြရသည်"[၁]

ဟု အညာဒေသရှိကျေးလက်နေ ပြည်သူများအနေဆင်းရဲပုံကို ဖော်ပြထားပါသည်။ ထိုသို့ လေမလုံမိုးမလုံတွင် နေထိုင်ရသောပြည်သူတို့၏ဘဝကို သိမြင်လာကာ စာနာသနားမိလာစေပါသည်။

စာရေးသူသည် အသက် (၆၀)ပြည့်မွေးနေ့ပွဲပြုလုပ်ရန်အတွက် ဘုတလင်သို့ သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ရင်း ပေါင်းဝရွာရွှေစည်းခုံဘုရားပွဲသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားပွဲသို့ လာရောက်ကြသော အညာသူအညာသားတို့၏သွင်ပြင်ကို "သည်တစ်ခါအညာပြန်" ဆောင်း ပါးတွင်–

> "ပွဲလမ်းသဘင်မို့သာ၊ အဝတ်အစားစုံလင်စွာ ဝတ်ဆင်ထားဟန်တူပါသည် သူတို့ရွာမှာဆိုလျှင် အင်္ကျီမပါ၊ ကျောကုန်းပြောင်ပြောင်နှင့် လည်းကောင်း၊ ထဘီရင်ရှားနှင့် လည်းကောင်း နေကြပါလိမ့်မည်။ မိန်းမချော မိန်းမလှကိုမူ မတွေ့ရပါ။ အသားဖြူသော တောသူကိုလည်း မတွေ့ရပါ။ အားလုံး အသားမည်းမည်းတူတူချည်းသာ။ တစ်ယောက်သော မိန်းကလေးမှာ နီဂရိုးနှင့်တူနေသဖြင့် အံ့ဩရ၏။ ဆိုးဝါးသော ရာသီဥတုဒဏ်နှင့် ကြမ်းတမ်းသော လုပ်ငန်းခွင်၏ ဒဏ်တို့ကြောင့် နီဂရိုးနှင့် တူသွားလေသလော စစ်အတွင်း နီဂရိုးသွေးများ ကျန်ရစ်ခဲ့လေသလော စဉ်းစားမရ" [၂]

[၁] သိန်းဖေမြင့် ၊ ၁၉၆၄ ၊ ၁၃၃။
[၂] သိန်းဖေမြင့် ၊ ၁၉၇၀ ၊ ၂၀၁ ။

ဟု စာရေးသူ ဘုရားပွဲတွင် တွေ့မြင်ရသော အညာသူအညာသားတို့၏ သွင်ပြင်ကို ဖော်ပြထားပါသည်။ အသားမည်းလွန်း၍ နီဂရိုးနှင့်တူသူ မိန်းကလေးနှင့် ပတ်သက်၍ စာရေးသူစဉ်းစားခဲ့ပုံသည် စာဖတ်သူအား ပြုံးမိလာစေပါသည်။

မြန်မာနိုင်ငံရှိ ကလေးသူငယ်များ ပညာသင်ယူရာသည် ဘုန်းတော်ကြီး ကျောင်းများဖြစ်သကဲ့သို့ အညာကျေးလက်ရှိ ကလေးများသည်လည်း ဘုန်းတော်ကြီး ကျောင်းများတွင်သာ ပညာသင်ယူကြရပါသည်။ စာရေးသူ ဘုတလင်ကိုရောက်ခဲ့စဉ် ငယ်စဉ်ကဘုန်းကြီးကျောင်းတွင် ပညာသင်ယူခဲ့ရသောအခြေအနေနှင့် ပတ်သက်၍ "ဘုတလင်ပြန်" ဆောင်းပါးတွင်–

> "ကျောင်းသားတွေက ကြမ်းပြင်မှာထိုင်၍ ကုန်းစာအံနေကြသည်။ ဆရာတော် ဦးဗိုလ်က ခါးပန်းကို ခေါင်းအုံးကလဲလျောင်း နားထောင်နေသည်။ စာမှားအံလျှင်သော်လည်းကောင်း၊ စာမအံ လျှင် သော်လည်းကောင်း၊ ဆရာတော်က ကြမ်းပြင်ကို တံဖျာဖြင့် ဖြန်းခနဲရိုက်ပြီး သတိပေးသည်"[၁]

ဟု ရေးထားရာ ဘုန်းကြီးကျောင်းပညာရေးစနစ်ကို သိရှိလာရပါသည်။ ဆရာတော်က စာမအံသူများ စာမှားအံသူများကို ကြမ်းပြင်ကိုတံဖျာနှင့်ရိုက်၍ သတိပေးလိုက်သည့် အသံသည် စာဖတ်သူကိုပါ တစ်ပါတည်း သတိပေးလိုက်သလိုပင် ခံစားလာစေပါ သည်။

## ၂၊ ၃။ ခေတ်နောက်ခံပုံရိပ်များ

စာရေးသူသည် အညာဒေသသို့ အကြိမ်ကြိမ် သွားရောက်ခဲ့ပါသည်။ ထိုသို့ သွားရောက်ရာတွင် အချိန်ကာလမတူညီသည့်အတွက် ခေတ်နောက်ခံ ပုံရိပ်များလည်း ကွဲပြားနေပါသည်။ ထိုကွဲပြားမည့် ခေတ်နောက်ခံ ပုံရိပ်များကိုလည်း အညာပြန် ဆောင်းပါးများတွင် ထည့်သွင်းရေးသားထားသည်ကို တွေ့ရပါသည်။

၁၉၅၅ ခုနှစ်တွင် စာရေးသူသည် ဘုတလင်အညာဒေသသို့ ရောက်ရှိခဲ့ပါ သည်။ ထိုကာလတွင် ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး) အစိုးရ အုပ်ချုပ်နေသည့်အချိန်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဘုတလင်ဒေသကို အေး ချမ်းသောနယ်မြေအဖြစ် သတ်မှတ်ကာ အခွန်များထမ်းဆောင်ရမည့်နယ်ဟု သတ်မှတ် ခဲ့ပါသည်။ ထိုကာလတွင် ပြည်တွင်းစစ် သောင်းကျန်းသူများရှိနေသဖြင့် ကျေးရွာနေ ပြည်သူများ အနေအစားခက်ခဲ၍ ဒုက္ခအဖုံဖုံ ကြုံဆုံနေကြရပါသည်။ စာရေးသူက

---

[၁] သိန်းဖေမြင့် ၊ ၁၉၇၄ ၊ ၂၅၁ ။

ဘုတလင်ရွာသားတစ်ဦးအား အခြေအနေမေးမြန်းပုံခဲ့ကို "အညာပြန် ဆောင်းပါး" တွင်–

> "သူပုန်တွေခုထိရွာမှာ ထမင်းထုပ်ကောက်ပြီး စားတုန်းလား၊ ထမင်းထုပ် မဟုတ်ဘူးမောင်ရေ့၊ ထမင်းထုပ်ဆိုတာ ထည့်ချင်တဲ့ ဟင်း ထည့်ပြီး ထုပ်နိုင်တယ်။ ခုထမင်းအုပ် ပို့ရတယ်"[၁]

ဟုလည်းကောင်း ရွာကျောင်းတွင်တာဝန်ထမ်းနေသောဆရာက–

> "ကျွန်တော်တို့ရွာက နေ့အစိုးရ၊ ည သူပုန်နှစ်ဖက် ဆက်ဆံရ တယ်။ ဆူး ကြားထဲကဖက်လို အနေခက်တယ်"[၂]

ဟု ဘုတလင်ဒေသနေထိုင်သူများ ပြည်တွင်းငြိမ်းချမ်းမှုမရှိသဖြင့် အနေအထိုင် ဆင်းရဲ ဒုက္ခရောက်ရှိနေပုံ၊ အစိုးရက အခွန်မပေးလျှင် ဒဏ်ခတ်မည်။ သူပုန်များက အစိုးရကို အခွန်မဆောင်ရဟုဆိုသဖြင့် အနေရကျပ်နေပုံကို ဆူးကြားကဖက်နှင့် ဥပမာပေး ရေး သားထားသောကြောင့် စာရေးသူတင်ပြလိုသည့် ခေတ်နောက်ခံပုံရိပ် ပေါ်လွင် လာပါ သည်။

စာရေးသူသည် ဘုတလင်မှတစ်ဆင့် မုံရွာသို့ ခရီးဆက်ခဲ့ရာ မုံရွာမြို့သည် ယခင်ကနှင့်မတူ စည်ကားနေပါသည်။ ထိုသို့ဖြစ်နေခြင်းနှင့် ပတ်သက်၍ "အညာပြန် ဆောင်းပါး" တွင်

> "ပြည်တွင်းစစ်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် မုံရွာသို့ ခိုလှုံလာ ကြသည်။ သူပုန်များ၏ မြေရှင်၊ ဓနရှင်၊ အပြုတ်တိုက်ရေး လမ်းစဉ်က အချို့ကို မောင်းထုတ်၏။ သူပုန် အချင်းချင်း တိုက် ခိုက်ခြင်းက မောင်းထုတ်ခဲ့သည်လည်း ရှိ၏။ ဓားပြများကား ကျောင်းဆရာ၊ ဗေဒင်ဆရာတောင် မနေရဲအောင် မောင်းထုတ်ခဲ့ သည်"[၃]

ဟု ရေးသားထားပါသည်။ ထိုအဖွဲ့တွင် "မောင်းထုတ်" ဟူသောအမူအရာပြကြိယာဖြင့် ဝါကျ အချင်းချင်းဟန်ချက်ညီအောင်ရေးသားထားသဖြင့် ပြည်တွင်းမငြိမ်းချမ်း၍ တောကြောင်များ လက်ခမောင်းခတ်ကာ ပြည်သူများအေးချမ်းရာသို့ ရှောင်ပြေး နေ ထိုင်ကြပုံ ထင်ရှားလာပါသည်။

---

[၁] သိန်းဖေမြင့် ၊ ၁၉၅၅ ၊ ၅၂ ။
[၂] ယင်း ၊ ၅၄ ။
[၃] ယင်း ၊ ၁၀ ။

စာရေးသူသည် (၁၉၅၆ ခုနှစ်မှ ၁၉၆၀ထိ) ပမညတ (ပြည်သူ့မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု)တွင် အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ (၁၉၆၀) ခုနှစ် ရွေးကောက်ပွဲအတွက် ဘုတလင်ဒေသမှ အမတ်နေရာ ရရှိရေးအတွက် တရားဟောရန် ဘုတလင်သို့သွားရောက်ခဲ့ပါသည်။ ထိုရွေးကောက်ပွဲသည် ဒီမိုကရေစီခေတ်၏ နောက်ဆုံး ရွေးကောက်ပွဲဖြစ်ပါသည်။ စာရေးသူအနေဖြင့် ဇာတိမြေမှ အမတ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။ ဇာတိမြေမှ ပြည်သူလူထု၏ အားကိုးယုံကြည်မှုကို ရရှိခဲ့၍ ရွေးကောက်ပွဲတွင် စာရေးသူ အနိုင်ရရှိလိမ့်မည်ဟု ယုံကြည်ခဲ့ပါသည်။ သို့သော် မိမိဇာတိမြေလည်းဖြစ် မဲဆန္ဒရှင်များမှာ ဆွေမျိုး၊ မိတ်ဆွေ၊ အပေါင်းအသင်းများ ဖြစ်နေသော်လည်း ရွေးကောက်ပွဲတွင် စာရေးသူ ရှုံးနိမ့်ခဲ့ရပါသည်။ ပထစ (ပြည်ထောင်စုပါတီ) ဦးနုပါတီမှ သခင်ကျော်ဖေယျနှင့် တည်မြဲပါတီမှ ပထမအနိုင်ရသွားပြီး ဦးကျော်ငြိမ်း၏ပါတီမှ ဦးဘမောင်က ဒုတိယဖြင့် အနိုင်ရသွားပြီး စာရေးသူကမဲအနည်းဆုံးနှင့် တတိယနေရာမှရှုံးနိမ့်ခဲ့ရပါသည်။ မိမိရှုံးနိမ့်ခဲ့ရသည့်အခြေအနေနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်မိပုံကို "အရှုံးထဲက အပြုံး" ဆောင်းပါးတွင်–

> "ကျွန်တော်သည် အသက်အရွယ်အရရော နိုင်ငံရေးဝါအနေနှင့်ပါ လူလတ်ပိုင်းသို့ ရောက်ခဲ့ပြီ ဖြစ်၏ ရည်းစားသည်ဖြစ်သော မဲဆန္ဒရှင်လူထုက ငြင်းပယ်လိုက်ခြင်း အတွက် ယူကျုံးမရ ဝမ်းနည်းတသခြင်းလည်း မဖြစ်၊ ကြိတ်မနိုင်ခဲမရ ဒေါသထွက်ခြင်းလည်း မရှိချေ။ ကိုယ့်ဘက်က သေချာပေါက်ထားပြီး ပိုးခဲ့ပန်းခဲ့လေပြီ။ သူ့ဘက်က အမျိုးမျိုးအဖုံဖုံ တုံ့ပြန်မှုများကြောင့်လည်း အားတက်မိသည်။ တွေ့တွေ့ဆိုင်ဆိုင် ပြောခါမှ အဘယ်ကြောင့်ငြင်းပယ်လိုက်လေသနည်း"[၁]

ဟု ရေးသားထားပါသည်။ ပြည်သူများ မိမိအပေါ် တုံ့ပြန်မှုကြောင့် အနိုင်ရမည်ဟု ယုံကြည်ခဲ့ပြီး လက်တွေ့တွင်ရှုံးနိမ့်ခဲ့ရသော အခြေအနေကို ပေါ့လွင်အောင် မျှော်လင့်ချက်ပေးပြီး၊ ငြင်းပယ်လိုက်သော သမီးရည်းစားနှင့်ဥပမာပေး ရေးသားထားသည်မှာ နှစ်သက်ဖွယ် ကောင်းလှပါသည်။ တော်လှန်ရေးကောင်စီအစိုးရ တက်ပြီးချိန်တွင် စာရေးသူသည် ဘုတလင်အညာဒေသသို့ သွားရောက်ခဲ့ပါသည်။ ထိုအချိန်တွင် တွေ့မြင်ရသော ဘုတလင်ဒေသအခြေအနေကို "အရှုံးထဲကအပြုံး" ဆောင်းပါးတွင်–

---

[၁] သိန်းဖေမြင့်၊ ၁၉၆၄ ၊ ၈၃၊၈၄။

"သူပုန်ဟူ၍ လုံးဝမရှိတော့ပြီ။ ဓားပြ အတိုက်အခိုက်လည်းမရှိ။ ယာခင်းထဲမှာပင် တဲများထိုး၍ ညအိပ်နိုင်ခြင်းကပင် လုံးဝ ပြောင်းလဲလာသော အခြေအနေကို ဖော်ပြ၏"[၁]

ဟု လည်းကောင်း၊ ဘုတလင်ဒေသအေးချမ်းနေပုံကို "ဘုတလင်ကိုဤသို့တွေ့ရသည်" ဆောင်းပါးတွင်–

"တောရွာများတွင် သူပုန်မင်း၊ အစိုးရမင်းများအား ထမင်းအုပ် ပို့ရခြင်း၊ ထမင်းထုပ် ပေးရခြင်း၊ ကျွေးမွေးရခြင်း သက်သာ သွားလေရာ ဝမ်းမြောက်နေကြသည်"[၂]

ဟု စာရေးသူတွေ့မြင်ရသောအခြေအနေကို ဒိုးကနဲဒေါက်ကနဲ အရှင်းလင်းဆုံးဖြစ် အောင် ဖော်ပြထားပါသည်။ အကြောင်းအရာနှင့်လိုက်ဖက်သော အရေးအသားဟု ဆိုရ ပါမည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် အစိုးရက တောင်သူလယ်သမား များအား အမတော်ကြေးထုတ်ပေးခဲ့သည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီအစိုးရကို ဘုတလင်ဒေသရှိ လယ်သမားများ ထောက်ခံအားပေးပုံနှင့်ပတ်သက်၍ "ဘုတလင် ဘူတာရုံနှင့်တမာပင်"ဆောင်းပါးတွင်–

"လွတ်လပ်ရေးရပြီး တက်သမျှ အစိုးရတွေ၊ သူပုန်တွေရော၊ ဖဆပလ ခေတ်ရော၊ ပထစရော၊ ကိုသိန်းဖေတို့ ပမညတ အမတ်ဖြစ်တုန်းကရော၊ ဘယ်သူမှ အခုအစိုးရလောက် တောင်သူ လယ်သမားဘက် မျက်နှာမူသူ မရှိဘူး"[၃]

ဟု လယ်သမားတစ်ဦး၏ တိုက်ရိုက်ပြောစကားဖြင့် ဖော်ပြထားပါသည်။ လယ်သမား များအပေါ် လက်ရှိအစိုးရက စာနာထောက်ထား ကြည့်ရှုသည့်သဘောပေါ်လွင်အောင် "မျက်နှာမူ" ဟူသော ဥပစာစကားကိုရွေးချယ်အသုံးပြုထားသဖြင့် ခေတ်နောက်ခံ ပုံရိပ် ပိုမိုထင်ရှားလာပါသည်။

သို့သော် စာရေးသူမုံရွာမြို့ပေါ်သို့ စာရေးသူရောက်သောအခါ လက်ရှိအစိုးရ အပေါ်ထားရှိသော ပြည်သူတို့၏သဘောထားကို "ဘုတလင်ကိုဤသို့တွေ့ရသည်" ဆောင်းပါးတွင်–

---

[၁] ယင်း ၊ ၁၃၃ ။
[၂] ယင်း ၊ ၁၉၆၂၊ ၁၃၆ ။
[၃] သိန်းဖေမြင့်၊ ၁၉၆၂ ၊ ၁၅၂။

> “မြို့ပေါ်မှ ဗျပ်ထိုးခေါင်းရွက်ဈေးသည် အပါအဝင် ဈေးသည်ကုန်သည် ကြီးငယ် အားလုံး ညည်းညူနေကြ၏။ တော်လှန်ရေးအစိုးရကို မကြိုက် ကြ”[1]

ဟု ကျေးလက်နေပြည်သူလူထု၏ သဘောထားနှင့် မြို့ပြနေပြည်သူ၏ သဘောထား ကွဲပြားနေပုံကို စာရေးသူကိုယ်တိုင် ပြောစကားဖြင့် ရေးသားထားသဖြင့် ခေတ် နောက်ခံပုံရိပ်ကို ပိုမိုသက်ဝင်လာစေပါသည်။ တော်လှန်ရေးကောင်စီအစိုးရ၏ “မြေ တစ်လက်မ မကျန် စိုက်ပျိုးကြ” ဟူသော ဆောင်ပုဒ်နှင့်အညီ တစ်နယ်လုံးလယ်သမားများ စိုက်နေပျိုး နေကြပါသည်။ သို့သော် ဘုတလင်သည် ယခင်တစ်ခေါက်နှင့်မတူညီသော အခြေ အနေကို “ဘုတလင်ဘူတာရုံနှင့်တမာပင်” ဆောင်းပါးတွင်–

> “စိတ်ပျက်စရာတွေ အများကြီးကြားခဲ့ရသည်။ အများကြီး တွေ့ခဲ့ ရသည်။ ငါးခြောက်ပုပ်သည့်ကိစ္စ၊ မြေပဲနှမ်း အများကြီး စိုက်ပျိုး သောနေရာတွင် ဆီဝအောင် မစားရသောကိစ္စ၊ ကုန်ကြမ်း ပေး ကုန်ချောယူစနစ်ဖြင့် အထည် အများအပြား ရက်လုပ်နေရာတွင် ၂နှစ် အတွင်း ယောကျ်ားဝတ် ချည်လုံချည် တစ်ထည်စီသာ ဖြန့်ဝေသည့်ကိစ္စ၊ အပ်ချုပ်ဆိုင်သွားအပ်သော ဖျဉ်ကြမ်း လုံချည် အင်္ကျီစများကို သိမ်းထားသည့်ကိစ္စ၊ နည်းအမျိုးမျိုးဖြင့် မှောင်ခို သည့် ကိစ္စ၊ ရ.လ.က နှင့် မြေယာကော်မတီ ရန်ဖြစ်သည့်ကိစ္စ”[2]

ဟု ပြည်သူလူထုများ လက်ရှိ ခံစားတွေ့ကြုံနေရသော အခြေအနေများ ပေါ်လွင်လာ အောင် “ကိစ္စ” ဟူသော ဓလေ့သုံးစကားကို အကြိမ်ကြိမ်အထပ်ထပ် ရေးသားထား ပါသည်။ ထို “ကိစ္စ” ဟူသော ဓလေ့သုံးစကားဖြင့် ဝါကျချင်းဟန်ချက်ညီအောင်ပြိုင်၍ ရေးသားထားသဖြင့် စာရေးသူအလေးပေး ဖော်ပြလိုသော ခေတ်နောက်ခံပုံရိပ် ပိုမို ထင်ရှားလာပါသည်။

၁၉၇၄ ခုနှစ် ဆိုရှယ်လစ်ခေတ် လက်ထက်တွင် စာရေးသူဘုတလင်ဒေသသို့ သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ရင်း ခေတ်နောက်ခံပုံရိပ်များကိုလည်း တင်ပြ ထားပါသည်။ လက်ရှိအစိုးရသည် ပုပ္ပါးတောင်ကိုဗဟိုပြု၍ မိုးခေါင်ရေရှားဒေသ စိမ်းလန်းစိုပြေရေး ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သောအခြေအနေကို **“ဘုတလင်ပြန်ဆောင်းပါး”** တွင်–

---

[1] ယင်း ၊ ၁၃၈ ။

[2] ယင်း ၊ ၁၉၆၆ ၊ ၁၆၀ ။

> "ပုပ္ပါးသို့ရောက်သောအခါ ပို၍ဝမ်းသာရသည်။ ပုပ္ပါးတောင် တစ်ဝိုက် သစ်တောများ ပြန်ဖြစ်လာလေပြီ။ အပွင့်တွေဝေဆာ နေသော ကျွန်းပင်ပျိုများကို တွေ့မြင်နေရ၏။ ပုပ္ပါး၏ နာမည် ကြီး စကားဝါပင်ကြီးများလည်း စည်ကားသထက် စည်ကားနေ လေပြီ"[၁]

ဟု စိမ်းစိုနေသော ပုပ္ပါးဒေသတခွင်၏ဂုဏ်ရည်တစ်ခုစီကို ကန့်ကာကန့်ကာ ဝါကျတို များဖြင့် ဆင့်၍ဆင့်၍ ဖော်ပြထားပါသည်။ မိုးခေါင်ရေရှားဒေသ စိမ်းလန်းစိုပြေနေ သော ပုံရိပ်အပေါ် ကျေနပ်အားရနေသည့်လေသံကို တွေ့ရပါသည်။ လက်ရှိအစိုးရ သည် နိုင်ငံနှင့်အဝှမ်း စာမတတ်သူပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက် များကို တွေ့မြင်ရသည်။ စာရေးသူသည် ဆက်လက်၍ ကျောက်ဆည်ဘက်သို့ ခရီးဆက်ခဲ့ရာ စာမတတ်သူ ပပျောက်ရေးအတွက် 'အ' သုံးလုံးကျေ လူထုလှုပ်ရှားမှု အခြေအနေကိုလည်း တွေ့မြင်ခဲ့ရသည်။ ရွာသူရွာသားများ စာသင်ချင်လာအောင် စည်းရုံးရပုံကို "ဘုတလင်ပြန်" ဆောင်းပါးတွင်–

> "အသုံးလုံးကျေ လူထုလှုပ်ရှားမှုကို စတင် စည်းရုံးရသည်မှာ မလွယ်ကူချေ။ စာတတ်ချင်စိတ်ပေါက်အောင် ဟောရပြောရ သည်မှာ ပထမဆုံး အခက်အခဲဖြစ်သည်။ စာမတတ်သူတို့သည် စုစုစည်းစည်း လုပ်ကိုင် နေထိုင်ကြသည်မဟုတ်။ ထို့ကြောင့် လူစု၍ ဟောပြောခြင်းထက် တစ်အိမ်တက်ဆင်း ဟောပြောရ သည်။ အောက်ကျ နောက်ကျနိုင်လာသော အချို့ပုဂ္ဂိုလ်များသည် ဟောပြောသည်ကို နားမထောင်ဘဲ ကျောပေး၍ထိုင် နေတတ်ကြ သည်။ စာသင်ချင်စိတ်ပေါက်လာပြန်တော့ တကယ်သင်တန်း တက်လာအောင် ဆွဲဆောင်ရသည်မှာ ခက်ပြန်သည်။ သင်တန်း တက်ရမှာ ရှက်နေသူကရှက်၏။ အလုပ်မအားဟု ဆင်ခြေပေး သူက ပေးနေ၏"[၂]

ဟု လူထုပါဝင်သည့်လှုပ်ရှားမှုအတွက် နိုင်ငံတော်က ကြိုးပမ်း စီစဉ်ဆောင်ရွက်ပေးခဲ့ သော ပုံရိပ်များ တိတိကျကျကို ဖော်ပြထားပါသည်။ စာရေးသူသည် သတင်းစာဆရာ ပီပီ လက်ရှိမိမိတွေ့မြင်ရသောအဖြစ်အပျက် အခြေအနေများ ပြည်သူများ၏ခံစားချက် ကို အမိအရ မှတ်တမ်းတင်ထားသည်များကို တွေ့ရပါသည်။ ထိုသို့တင်ပြထားသည့်

---

[၁] သိန်းဖေမြင့် ၊ ၁၉၇၄ ၊ ၂၂၆ ။

[၂] ယင်း ၊၂၀၈ ။

အတွက် သမိုင်းအတွက် တန်ဖိုးရှိသည်ဟုဆိုရပါမည်။ စာရေးသူသည် အညာပြန်ခရီးသွားဆောင်းပါးကို ပြုစုရေးသားရာတွင် မိမိအတွေ့အကြုံ ကိုအခြေခံ၍ ခေတ်စနစ်နှင့်လည်း မကင်းကွာ၊ အပိုချဲ့ထွင်ခြင်းမျိုးလည်း မရှိ၊ လိုအပ်သလောက်သာ ပြည့်စုံအောင် ရေးသားထားနိုင်သည့်အတွက် ပိုမိုအသက်ဝင် လှုပ်ရှားနေသည်ဟု ဆိုချင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

အညာပြန်ခရီးသွားဆောင်းပါးများသည် ခရီးသွားစာပေအသွင်ထက် စာရေးသူ၏ ခံစားချက်၊ ထင်မြင်ချက်၊ ဆင်ခြင်သုံးသပ်ချက်၊ ဝေဖန်ချက်များ အပြည့်အဝ ပါဝင်နေသဖြင့် ရသစာပေပုံသဏ္ဍာန်အဖြစ် တွေ့မြင်ရပါသည်။

စာရေးသူသည် သတင်းစာဆရာဖြစ်သည့်အတွက် မျက်မှောက်ရေးရာ အဖြစ်အပျက်များကို ဖော်ပြ၍ ပြည်သူလူထု၏ ခံစားပုံအခြေအနေကို တိတိကျကျ မှန်မှန်ကန်ကန် တင်ပြထားပါသည်။ သတင်းစာဆရာတစ်ဦး ပြုစုရေးသားသည့် ခရီးသွားစာပေဖြစ်၍ သမိုင်းမှတ်တိုင် အဖြစ်ယူဆနိုင်ပါသည်။ နိုင်ငံရေးသမားတစ်ဦး ဖြစ်သည့်အလျောက် နိုင်ငံရေးနောက်ခံများကို ပီပီပြင်ပြင် ထည့်သွင်းထားပါသည်။ ထို့အပြင် စာရေးဆရာတစ်ဦးပီပီ မိမိတင်ပြလိုသောအကြောင်းအရာ အဖြစ်အပျက်များကို ရသမြောက်အောင်၊ နှစ်သက်ဖွယ်ကောင်းအောင် ဖန်တီး ရေးသားထားသည်ကို တွေ့ရပါသည်။

အညာပြန်ခရီးသွားဆောင်းပါးများကို သရုပ်ဖော်ရာတွင် ရှုခင်းမြင်ကွင်း ဓလေ့စရိုက်များကို အပြောနည်းနှင့်သာမက အပြနည်းကိုပါ အသုံးပြုရေးသားထားသဖြင့် စာဟန် ပိုသွက်လက်နေပါသည်။ ခေတ်နောက်ခံ ပုံရိပ်ကိုဖော်ပြရာတွင် မတူညီသည့် ခေတ်ပုံရိပ်များကို ပီပီပြင်ပြင် မီးမောင်းထိုးပြသနိုင်ခဲ့ပါသည်။

စာရေးသူ၏ဇာတိမြေနှင့် ရေးဟောင်းဘိုးဘွားအမွေအနှစ်များ၊ ဓလေ့ထုံးစံများ အပေါ် မြတ်နိုးတန်ဖိုးထားရှိပုံကို စာဖတ်သူ စိတ်ဝင်စားလာအောင် အပြောစကားမှ အရပ်သုံးစကား၊ မျက်မြင်အလင်္ကာတို့ကိုသာ ရွေးချယ်သုံးစွဲထားသဖြင့် စာဖတ်သူ အတွက် နှစ်သက်မှုကိုဖြစ်ပေါ်စေပြီး စာရေးသူ၏ အရေးအသားစွမ်းရည်ကိုပါ သိမြင်လာရပါသည်။

## နိဂုံး

စာတမ်းရှင်အနေဖြင့် သတင်းစာဆရာ၊ နိုင်ငံရေးသမား၊ စာရေးဆရာတစ်ဦး ဖြစ်သော သိန်းဖေမြင့်ကို စိတ်ဝင်စားခဲ့၍ အညာပြန်ခရီးသွား ဆောင်းပါးများကို လေ့လာခဲ့ပါသည်။ အညာပြန် ဆောင်းပါးများတွင် နေရာဒေသ တစ်ခုတည်းကို စာရေးသူတစ်ဦးတည်း အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး မတူညီသည့်ခေတ်နောက်ခံ ပုံရိပ်များကို သတင်းစာဆရာပီပီ သရုပ်ဖော်ခဲ့သော စူးရှထက်မြက်သည့် ခရီးသွား စာပေများပင် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ကျော်ဝင်း၊ ဦး၊ နှင့်အများ။ (၂၀၀၂)။ ၂၀ရာစုမြန်မာနိုင်ငံ။ရန်ကုန်၊တက္ကသိုလ်များပုံနှိပ်တိုက်။

ခင်အေး၊ ဦး၊ ထင်၊မောင်။ (၁၉၈၃)။ မြန်မာစကားပြေစာတမ်း(ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

ခင်မင်၊ မောင်၊ ဓနုဖြူ။ (၂၀၀၇)။ စကားပြေသဘောတရားစကားပြေအတတ်ပညာ။ ရန်ကုန်၊ မန်းရွှေပြည်စာပေ။

ဇေယျာ၊ မောင်။ (၂၀၀၂)။ စာပေသမိုင်း ပုဂ္ဂိုလ်ရေးအတွေးအမြင်များ၊ ဒုတိယအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

ထင်၊ မောင်နှင့်အများ။ (၁၉၈၁)။ ခရီးသွားစာပေစာတမ်းများ၊ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

မိုးမြေ၊ မ။ (၂၀၁၇)။ စာဖတ်ချင်အောင်ဘယ်လိုရေးခဲ့ကြသလဲ။ ရန်ကုန်၊ ဂျူးဂျူးပုံနှိပ်တိုက်။

မြဇင်၊ တက်တိုး။ (၁၉၈၆)။ ဝေဖန်ရေးစာပေစာတမ်းများ၊ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

မြင့်ကြည်၊ ဒေါက်တာနှင့်အများ။ (၁၉၉၁)။ ၁၉၅၈–၁၉၆၂ မြန်မာနိုင်ငံသမိုင်း။ (ဒုတိယတွဲ)၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြတ်ဆွေ။ (၂၀၀၁)။ စာရေးဆရာတို့၏အနီးအဝေးပုံရိပ်။ ရန်ကုန်၊ ရာပြည့်အော့ဖ်ဆက်။

မြန်မာစာအဖွဲ့။ (၁၉၇၈)။ မြန်မာအဘိဓာန်။ ရန်ကုန်၊ စာပေဗိမာန်။

ဝင်းတင်၊ ဦး။ (၂၀၁၁)။ ခရီးသွားစာပေ။ ရန်ကုန်၊ စွယ်တော်ပုံနှိပ်တိုက်။

သိန်းဖေမြင့်။ (၁၉၅၆)။ အရှေ့ကနေဝန်းထွက်သည့်ပမာ။ ရန်ကုန်၊ စာပေလောက။

သိန်းဖေမြင့်။ (၂၀၀၂)။ အညာပြန်ခရီးသွားဆောင်းပါးများ။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

သိန်းဖေမြင့်။ (၂၀၀၈)။ စာပေဘဝဇာတ်လမ်းစုံ၊ (ဒုတိယအကြိမ်)၊ ရန်ကုန်၊ သူရိယစာပေ။

သိန်းဖေမြင့်။ (၂၀၀၉)။ သိန်းဖေမြင့်၏စာပေရှုခင်း။ ရန်ကုန်၊ သူရိယစာပေ။

သိန်းဖေမြင့်။ (၂၀၁၁)။ စာပေဆွေးနွေးပွဲ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

# သိန်းဖေမြင့်၏ အညာပြန် (ခရီးသွားဆောင်းပါးများ) မှ စီစဉ်တင်ပြပုံ

မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆယ့်ခုနှစ်နှစ်မြောက်
စာတမ်းဖတ်ပွဲအတွက် တင်သွင်းသောစာတမ်း

•

တင်မိမိနိုင်

ဗြ့ယ ဗြ့ယ ဏ့ိ

တွဲဖက်ပါမောက္ခ

မြန်မာစာဌာန

ကျိုင်းတုံတက္ကသိုလ်

အောက်တိုဘာ၊ ၂၀၁၇